# ကရင့်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ

## လယ်ဒိုကော်ဆာ

**နေ့စွဲ။ ။၄/၆/၂၀၂၅**

**၂၀၂၅ ခုနှစ် မတ်လမှ မေလအထိ (၃) လ အတွင်း စစ်ကောင်စီမှ လယ်ဒိုကော်ဆာအတွင်း လူ့အခွင့်အရေးချိုး ဖောက်မှု အပေါ်သတင်းထုတ်ပြန်ချက်။**

(၁) မိမိတို့လယ်ဒိုကော်ဆာကရင့်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် ပြည်သူလူထု နှင့် အတူ ရပ်တည်လျှက်ရှိပြီး ပြည်သူလူထု၏ စားဝတ်နေရေး၊ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအစရှိသော လူမှုဘဝ လုံခြုံမှုအား အလေးထားလုပ်ဆောင်နေပါသည်။

(၂) လက်ရှိတွင်စစ်ကောင်စီတပ်မှ လက်နက်ကြီးများပစ်ချခြင်း၊ စစ်သုံးတိုက်လေယာဉ်ဖြစ်ဗုံးကြဲ တိုက်ခိုက်ခြင်း၊ ဒရုန်းဖြင့်လက်နက်ကြီးချခြင်း၊အပြစ် မဲ့ပြည်သူများ အားဖမ်းစီး ခြင်းအစရှိသော လူ့အခွင့် အရေးချိုးဖောက်မှု မျိုးစုံကို နေ့စဉ်ရက်ဆက် လုပ်ဆောင်နေသည်ကိုတွေ့ရသည်။

(၃) ၂၀၂၅ ခုနှစ် မတ်လမှ မေလအထိ (၃)လအတွင်း အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီတပ်၏ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ကွပ်ကဲမှု အောက်ရှိ အမြောက်တပ်နှင့်ကြည်းတပ်လေတပ်များမှ ကျေးရွာ အတွင်းသို့ လက်နက်ကြီးအလုံးရေ စုစုပေါင်း (၁၁၂)လုံးနှင့် လေတပ်မှလည်း ဗုံးသီး(၈)လုံးဖြင့် ဗုံးကြဲ ခဲ့သည့်အပြင် အော်လီဂန်း (၁၀)ကြိမ် ဒရုန်းဗုံးသီး (၂၀၅)လုံး တိုင် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုပစ်ခတ်မှု ကြောင့် အပစ်မဲ့ ပြည်သူ စုစုပေါင်း (၁၅)ဦး သေဆုံးကာ (၄၅)ဦးထိခိုက်ဒဏ် ရာရသည့်အပြင်လူနေအိမ် စုစုပေါင်း (၄၁) လုံး ထိခိုက်ပျက်စီးပြီး ဘုန်းကြီးကျောင်း (၄) ကျောင်း စေတီ(၁)ဆူ ဈေးဆိုင် (၃) ဆိုင် ကား (၁)စီး ထွန်စက်(၅)စီး ဆန်စက် (၁)လုံး ဆိုင်ကယ်(၃)စီး တဲ(၅)လုံး ထိခိုက်ပျက်စီးပြီး အိမ်မွေးတိရိစ္ဆာန် (၁၃)ကောင် ထိမှန်သေဆုံးခဲ့သည်။

(၄) အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီတပ်၏ အကြမ်းဖက်လုပ်ရပ်များကြောင့်လယ်ဒိုကော်ဆာ အရေးပေါ်ကူညီကယ်ဆယ်ရေး ကော်မတီမှ သက်ဆိုင်သည့် လူ့အဖွဲ့အစည်းများနှင့် လူ့ပုဂ္ဂိုလ်များအား အောက်ပါ အချက်များအတိုင်းတောင်းဆိုအပ်ပါသည်။

*(က) ပြည်သူများအပေါ်အကြမ်းဖက်မှုကိုအားပေးအားမြှောက်ပြုနေသော မည်သည့်အဖွဲ့အစည်းလူပုဂ္ဂိုလ် များအား ပြင်းထန်စွာရှုတ်ချပြီး အကြမ်းဖက်မှုများကို ကျူးလွန်ခြင်း အားပေးလှုံ့ဆော်နေခြင်းများကို ရပ်တန့်ရန်တောင်းဆိုပါသည်။*

*(ခ) စစ်ရှောင်ပြည်သူလူထုများ၏ လုံခြုံရေးနှင့်စားဝတ်နေရေး၊ကျန်းမာရေး၊ပညာရေး အစရှိသော လိုအပ် နေမှုများကို လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် နိုင်ငံတကာ အဖွဲ့အစည်း များအား တောင်းဆိုပါသည်။*

*(ဂ) ပြည်တွင်းပြည်ပမှပြည်သူလူထုများ ကိုယ်စားပြုသည့် အရပ်ဖက်အဖွဲ့အစည်းများ၊တော်လှန်ရေးအဖွဲ့အစည်းများ၊နိုင်ငံတကာအစိုးရများ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ ဤကဲ့သို့ စစ်ကောင်စီတပ်မှ ပြည်သူလူထုအပေါ်ပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်မှုများ ချက်ချင်းရပ်တန့်ရန်အတွက် ပို၍ထိရောက်သောအရေးယူမှုများပြုလုပ်ရန်တောင်းဆိုပါသည်။*

(ဃ) မိမိတို့လယ်ဒိုကော်ဆာ ကရင့်အရေးပေါ် ကူညီကယ်ဆယ်ရေး ကော်မတီသည် မိမိပြည်သူလူထုများနှင့် အတူပူးပေါင်းကူညီရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

ကရင့်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ

လယ်ဒိုကော်ဆာ

ဆက်သွယ်ရန်-

(၁) +959889050744